# ပြည်သူများအတွက် အသံလွှင့်ဌာနများသို့ ရိုးသားစွာမေတ္တာရပ်ခံတောင်းခံစာ

ပြည်သူ အပေါ်ရက်စက်မှု လူမဆန်မှု ဌ် ကမ်းကုန်သည်မှာ ဘူးပေါ် သကဲ့သို့ ပေါ်နေပြီဖြစ်သော အာဏာလုစစ်အုပ်စုခေါင်းဆောင် များ နှင့်စပ်လျဉ်း၍ တိုင်းပြည်နှင့် ပြည်သူများ ဘဝ ၊ အနာဂတ်ရေး တခုတည်းအတွက်ရည် ရွယ်ကာ အသံလွှင့်သတင်းဌါနများဖြစ်သော ၊ ဘီ့ဘီ့စီ ၊ အာ့ အက် ( ဖ် ). အေ၊ ဗွီ ့အို ့ အေ ၊ ဒီ့ဗွီ့ဘီ မြန်မာပိုင်းအစီအစဉ်များသို့ အောက်ပါ အတိုင်း ရိုးသားစွာ အနူးအညွတ် တောင်းဆို မေတ္တာရပ်ခံ အပ်ပါသည် ။

သတင်းများကျေငြာရာတွင်

( ၁ ) အစိုးရ ၊ စစ်အစိုးရ စသည်တို့ အစား .....
အာဏာလု ( နဲ့ အဲ့ ဖ ) စစ်အစိုးရ ဟု အရှိကိုအရှိ အမှန်ကို အမှန်အတိုင်း ရဲဝန့် စွာ ပြည်သူ့ အနာဂတ် ဘဝ တခုတည်းအတွက် ထောက်ထား၍ ပြောင်းလဲခေါ်ဆိုပေးပါရန် ၊

( ၂ ) လူသတ် ၊ ပြည်သူသတ် ၊ သံဃာသတ် တရားခံ နံပါတ် ( တစ် ) သန်းရွှေဆိုသူ အား မရည်ရွယ်သည့် တိုင် လေးစားသယောင်လေသံလုံးဝ စွက်နေသော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟု နေ့ စဉ်ထပ်ခါတလဲလဲ ခေါ်ဝေါ် ကျေငြာနေကြ ခြင်းကို ပြည်သူ ့အနာဂတ်တခုတည်း အတွက်ထောက်ထားခြင်းဖြင့် ရပ်တန်းမှရပ်ပေးကာ အရှိ ကို အရှိ အမှန်ကို အမှန်အတိုင်း ....
အာဏာလု ( နဲ့ အဲ့ ဖ ) စစ်အစိုးရခေါင်းဆောင် သန်းရွှေ ဟုသာပြောင်းလဲ ခေါ်ဆိုပေးပါ ရန် ၊ ဤသို့ ခေါ်ဆိုပါကလည်း မှန်ပြီးရင်းမှန်ရုံမျှမက အခြားတစုံတယောက်နှင့်လည်းမှားယွင်းစရာအကြောင်းမရှိသည်မှာအသေအချာဖြစ်ပါသည် ။

- မှန်သည် ( မှန် မ မှန်အထူးရှင်းပြရန် လိုအပ်မည်မထင်ပါ ၊ ၄င်းအပြင် အသံလွှင့်ဌာနများအနေဖြင့် မှန်ကန်သောသတင်း ၊ အချက်အလက်များ ကိုသာကျေငြာပါသည်ဟု ဆိုထားပါသဖြင့် ကျေငြာထားသည့်အတိုင်းရဲဝံ့ဂုဏ်ယူစွာ လုပ်ဆောင်သင့်ပါသည်) ၊
- အကျိုးရှိမည် ( ပြည်သူများအတွက် ) ၊
- မနာခံလိုသော်လဲ ( စစ်အစိုးရမနေဖြင့် ) ........

ပြောသင့်ပါသည်ဟူသောမြတ်စွာဘုရားတရားတော်နှင့်ညီသည့် ပြောသင့်သောစကား နှင့်လဲကိုက်ညီပါသဖြင့် ပြည်သူများအတွက်သက်သက် အထူးစဉ်းစားပေးစေလိုပါသည် ။

သတင်းကျေငြာသူများအားစေတနာမှန်နှင့်ရိုးသားစွာသတိပေးလိုသည်မှာ .....
ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟုကျေငြာလိုက်တိုင်း
လေးစားသယောင်လေသံစွက်နေပါသဖြင့်ကြားရသူများအဖို့ အဆိုပါအခေါ်အဝေါ် ကြီးအား

မသတိရှံ့ရှာမိပါ
ကြောင်း နှင့် ၊
ဤသို့ ရှုတ်ဖတ်လိုက်တိုင်း ထိုအမည်ကြီးအား ပြည်သူများအော့နလုံးနာ ရွံရှာနေမည် ကို သတင်းကြေငြာသူများ အနေနှင့်ကျေငြာလိုက်တိုင်း အချိန်နှင့်အမျှ သတိရစေလိုကြောင်း ရိုးသား ခင်မင်စွာ အသိပေးအပ်ပါသည်။

ဤတောင်းဆိုချက်သည် အမုန်းတရားကို အခြေခံကာတောင်းဆိုခြင်းအလျဉ်းမဟုတ်ကြောင်းနှင့် အမှန်ကိုအမှန်အတိုင်း ပြည်သူများအတွက်
( ကြားဖူးသော ..သတင်းဌာနများ၏ဘက်မလိုက်ရေး စသောမူ အချို့ နှင့်လည်း မသွေဖယ်ပဲ ) ပြည်သူလူထုကြီးမှလေးစားဂုဏ်ယူဖွယ် သတင်းဌာနကောင်းတခု အနေဖြင့် စေတနာမှန်နှင့်ရဲ၀ံ့ဂုဏ်သရေရှိစွာ ကျေငြာပေးစေလို၍သာဖြစ်ပါသည် ။ အာဏာလုစစ်အစိုးရအား အာဏာလု စစ်အစိုးရ ဟု မကျေငြာရဲခြင်းသည်သာ မရည်ရွယ်ပဲဘက်လိုက်သယောင် ဖြစ်နေပါလိမ့်မည် ၊

ဤ အီး – မေး (လ်) တောင်းဆိုချက်အား ဖတ်ရသူများအနေဖြင့် ( ပေးဆပ်စွန့် လွှတ်ခဲ့ကြရှာသော အပစ်မဲ့ပြည်သူ့ သွေးချွေး အသက်ထောင်၊ သောင်း ပေါင်းများစွာ၊ အာဏာလု စစ်အစိုးရ၏ လက်ငင်း မုန်တိုင်းဒါဏ်ခံ ပြည်သူများအပေါ် လူမဆန်စွာ ယုတ်မာမှု ၊ ပြည်သူတရပ်လုံးအပေါ် ဖျောင်ကျကျ မဲလိမ်ညစ် ယုတ်မာမှု ကြီးများအား ငဲ့ညှာ ထောက်ထားလျက် ) ထောက်ခံပေးကြပါရန် အနူး အညွတ်တောင်းဆိုအပ်ပါသည် ။

ပြည်သူများအနာဂတ်တခုတည်းအတွက် ရည်သန်၍ ထောက်ခံလို ပါက ဤ အီး – မေး (လ်) အား အထက်ဖေါ်ပြပါအသံလွှင့် ဌာနများ၏ အီး မေး (လ်) များသို့ ထောက်ခံပါကြောင်း ( **I agree / I do agree** ) ဟုသာ ရေးပြီးသင်၏ အီး –မေး (လ်) မှ ပြန်ပို့ ပေးပါရန် ပြည်သူများ ၏ ခါးသည်းသည့် အဖိနှိပ်ခံဘ၀ကိုစာနာ၍ ရိုးသားစွာစည်းရုံး မေတ္တာရပ်ခံအပ်ပါသည် ။

ပြည်သူများအတွက်စွမ်းစွမ်းတမံ ကြိုးစားလျက်ရှိသော အသံလွှင့်ဌာနများမှရောင်းရင်းမိတ်ဆွေများအားလုံးကိုလေးစားဂုဏ်ယူ ကျေးဇူးတင်လျက်ရှိပါသည်။

အမိမြေအတွက်ဖြူစင်စွာဖြင့် .. .အောင်ချွန်

လုပ်ပေးသည် ၊ မပေးသည်မှာ အသံလွှင့်ဌာန တာဝန်ရှိသူများ၏ အပိုင်းဖြစ်ပြီး အ မှန်ကိုအမှန် ၊ အရှိကိုအရှိ ပြည်သူ့ အတွက်တောင်းဆိုတိုက်ပွဲဝင်ရင်း ရင်ဖွင့်ရန်မှာတာဝန်သိနိုင်ငံသားတိုင်း၏တာဝန်ဟု ရိုးသားစွာခံယူပါ၏ .....